# One of a Kind

By Elisabeth Sichrovsky

“ကျွန်တော့်ဘဝကို လွှမ်းမိုးသူများ” ကို စာရင်းလုပ်ခိုင်းရင် လူတိုင်းနီးပါးရဲ့ စာရင်းထဲ ဆရာတစ်ယောက်ပါတတ်ပါတယ်။ ဘယ်လိုဆရာတွေပါလဲ? သူတို့ရဲ့ စွမ်းရည်နဲ့ သူတစ်ပါးရဲ့စွမ်းရည်ကို တိုးတက်လာအောင် လုပ်ပေးတဲ့၊ အတွေးအခေါ်သာမက အသည်းနှလုံးကိုပါ ပြုပြင်ပုံဖော်ပေးတဲ့ ဆရာတွေပေါ့။ ကျွန်မအတွက်တော့ ကျောင်းသားတွေက အန်တီမရီနာလို့ ရင်းရင်းနှီးနှီးခေါ်ရလောက်တဲ့ ဆရာမပေါ့။

အဲဒီတုန်းက ကျွန်မ မိဘတွေ နိုင်ငံတကာ ခရစ်ယာန်များ မိတ်သဟာယမှာ အလုပ်လုပ်နေတော့ ဂျပန်မှာ နေခဲ့ပါတယ်။ အန်တီမရီနာကတော့ ကျွန်မရဲ့ ပထမနဲ့ ဒုတိယတန်းဆရာမပေါ့။

အန်တီမရီနာဟာ ဆရာမတွေထဲမှာ စည်းကမ်းအကြီးဆုံးပါ။ အမှန်အမှား ပိုင်းခြားရာမှာ တိကျပြတ်သားလွန်းတော့ ကျွန်မတို့တစ်စု သူ့ကို အတင်းပြောခဲ့ကြပါသေးတယ်။ မကြာခင်မှာပဲ ကျွန်မတို့ ဘယ်လိုလူတွေဖြစ်မလာမလဲဆိုတာကို ဂရုတစိုက်ရှိနေကြောင်း သိရတော့ သူ့ကို ယုံသင့်ကြောင်း ရိပ်မိလာပါတယ်။အန်တီမရီနာနဲ့ဆိုရင် လုံခြုံတယ်လို့ ခံစားမိပါတယ်။ဘာလို့လဲဆိုတော့ သူဟာ ကျွန်မတို့ထဲမှာရှိတဲ့ ကန့်သတ်ချက်တွေကို ကွက်ကွက်ကွင်းကွင်း သိမြင်နေလို့ပါပဲ။

အန်တီမရီနာဟာ စည်းကမ်းတွေကို တင်းတင်းကြပ်ကြပ် ချမှတ်သလောက် မေတ္တာနဲ့စေတနာပြဖို့ကိုလည်း မမေ့ပါဘူး။ သူ့မှာရှိသင့်ရှိထိုက်တဲ့ ဟာသဉာဏ်လည်း ရှိပါတယ်။ သူ့အတန်းကို တက်ရတာဟာ သင်ခန်းစာတွေ၊ ပြဋ္ဌာန်းစာအုပ်တွေနဲ့ပဲ ဝန်ပိမနေပါဘူး။ လေ့လာရေးခရီးတွေ၊ ပန်းခြံတွေမှာ အပန်းဖြေခြင်းတွေ လုပ်ပေးပြီးတော့ အနုပညာ လက်ရာတွေကို မြတ်နိုးတတ်အောင် သူ့ရဲ့ အနုပညာ ဗဟုသုတတွေကိုလည်း ဝေမျှပေးပါတယ်။ တနေ့တော့ ကျွန်မတို့ကလေးတွေက “လူကြီးတွေလို ကော်ဖီသောက်ချင်တယ်”လို့ပြောတော့ နောက်တစ်နေ့မှာပဲ နွားနို့ကို တင်လဲရည်ရောပြီး အရောင်တင်ထားတဲ့ “ကလေးကော်ဖီ” ကို ယူလာပေးပါတော့တယ်။ အဲဒါကို ကျွန်မတို့အရမ်းကြိုက်ခဲ့ပါတယ်။

ကျွန်မတို့တစ်ယောက်ချင်းစီကို ကိုယ့်ကိုယ်ကို အရေးပါတယ်လို့ ခံစားလာအောင် လုပ်ပေးနိုင်တဲ့စွမ်းရည် သူ့မှာရှိပါတယ်။ သူ့ရဲ့နည်းလမ်းတစ်ခုကတော့ တစ်ယောက်မရှိတဲ့အချိန်မှာ သူ့ရဲ့ကောင်းကြောင်းတွေ ကျန်တဲ့ လူတွေဆီ ပြောခြင်းပါပဲ။ တခြားဆရာတစ်ယောက်ဆီမှာ ကျွန်မ စာလုံးပေါင်းသတ်ပုံတွေ ဘယ်လောက်တော်ကြောင်း ကြားခဲ့ရလို့ ခံစားရတဲ့ ကျွန်မရဲ့ ဂုဏ်ယူခြင်းကို မမေ့နိုင်သေးပါဘူး။ ကျွန်မရဲ့ ကြိုးစားမှုတွေဟာ အသိအမှတ်မပြုပဲ မရှိခဲ့ကြောင်း သိရတော့ အကျေနပ်ကြီး ကျေနပ်သွားပါတယ်။

စာသင်နှစ်တစ်လျှောက် အန်တီမရီနာရဲ့ မေတ္တာ၊ စေတနာတွေဟာ တိုးလို့သာ နေပါတယ်။ ကျွန်မတို့ ထိုင်ဝမ်ကိုပြောင်းပြီး မကြာခင်မှာပဲ ကဒ်တွေ၊ စာတွေ ပို့ပါတယ်။ နောက်ဆယ်နှစ်ကြာတော့လည်း စာတွေအများကြီး ရနေတုန်းပဲ။ မကြာခင် ကမှ ပို့လိုက်တဲ့ စာတစ်စောင်ကို ပြန်ဖတ်ကြည့်တော့ ရှစ်နှစ်သာ



ရှိသေးတဲ့ ကလေးတစ်ယောက်အပေါ်ထားရှိတဲ့ သူ့ရဲ့ ချစ်ခင်ဂရုစိုက်မှုကို အံ့ဩမိပါတယ်။ “မနေ့က ကျွန်မဘဝရဲ့ ကလေးများ”ဆိုပြီး ဆရာမနှစ်ပေါင်းများစွာ ဂရုတစိုက်နဲ့ သင်ပေးခဲ့တဲ့ ကလေးတွေရဲ့ ဓာတ်ပုံ အဲလ်ဘမ်လေးတစ်ခုလုပ်ဖို့ လုပ်နေတုန်းမှာ သမီးရဲ့ ဓာတ်ပုံကို တွေ့လိုက်ရတော့ ဆရာမ သမီးကို ဘယ်လောက်ချစ်ခဲ့မှန်း သတိရလာမိတယ် သမီးလေးရယ်”။

ကျွန်မရဲ့ ကိုးနှစ်မြောက်မွေးနေ့မှာ ဒီလို ရေးထားတယ်။ ပျော်ရွှင်တဲ့ မွေးနေ့ဖြစ်ပါစေ။ သမီးအတွက် အံ့ဩဝမ်းသာစရာနေ့ဖြစ်ပြီး အံ့ဩဝမ်းသာဖြစ်မှုတွေ၊ ချစ်စရာကောင်းတဲ့ အတွေ့အကြုံတွေနဲ့ ပြည့်နေတဲ့ လန်းဆန်းတဲ့ နှစ်သစ်ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ သမီးကို သတိရလို့ ဆရာမ ဝမ်းသာပါတယ်။

ကင်ဆာရောဂါကို အကြာကြီး ခံစားရပြီး ၂၀၀၅ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့မှာ အန်တီမရီနာ ကွယ်လွန်သွားခဲ့ရှာပါပြီ။ သူ အမြဲတမ်း ပြသနေတာက ဘုရားရဲ့ ချစ်ခြင်းကို သူကနေတဆင့် ကျွန်မတို့ကို ဝေမျှနေတယ်ဆိုတာကိုသိတဲ့ သူဟာ ကျွန်မတစ်ယောက်ထဲ ဖြစ်တယ်ဆိုတာကို ကျွန်မ သိနေပါတယ်။

## မနက်ဖြန်ရဲ့ ကမ္ဘာကြီးကို တည်ဆောက်ခြင်း။

မနက်ဖြန်ရဲ့ ကမ္ဘာကြီးဆိုတာဟာ ယနေ့လူကြီးတွေက နောက်မျိုးဆက်သစ်တွေကို ဘာတွေပေးမယ်၊ မပေးဘူးလို့ ဆုံးဖြတ်တဲ့အပေါ်မှာ မူတည်နေတယ်ဆိုတာကို လူအများကြီးက မစဉ်းစားတတ်ကြပါဘူး။

ကလေးတွေဟာ ကမ္ဘာပေါ်မှာ အဖြူစင်ဆုံး လူသားတွေပါ။ ဘဝအကြောင်းကို နက်နက်နဲနဲ တွေးခေါ်တတ်တဲ့အရွယ်မှာ ရောက်နေကြပါတယ်။ အမှန်တရားကို အရမ်းပဲ သိချင် လိုက်လျှောက်ချင်ကြပါတယ်။ ပုံသွင်းလို့ရတဲ့အရွယ်၊ ရည်မှန်းချက် ချရမယ့်အရွယ်၊ ရွေးချယ်ရမဲ့အရွယ်၊ ဆုံးဖြတ်ချက် ချရမယ့်အရွယ် ဖြစ်ကြပါတယ်။ “သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့၊ သို့ပြုလျှင် သူသည် အိုသောအခါ ထိုလမ်းမှမလွဲ လိုက်သွားလိမ့်မည်” (သုတ္တံ ၂၂း၆)လို့ ကျမ်းစာမှာ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ သူတို့ကို ပညာပေးရမယ်၊ လမ်းညွှန်ရမယ်၊ အားပေးရမယ်။ ကျွန်တော်တို့အားလုံး သူတို့ကို ဘုရားဘက်ကို ခေါ်ဆောင်သွားပြီး ဘုရားစကားတော်မှာ သူတို့ရဲ့ ယုံကြည်ခြင်းကို တည်ဆောက်စေရပါမယ်။

ဒေးဗစ်ဘရန့်ဘာ့(ဂ)